## **<u>သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းခြင်း</u>**

## **<u>အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှု အားလုံးအတွက်</u>**

ရက်စွဲ- ____________________

ကျောင်းသားအမည်- ______________________________________________

ကျောင်းခရိုင်- ___________________________________________________

ကျွန်ုပ်သည် ___________________________________Kansas ပြည်နယ်ဥပဒေအရ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို-

(အမည်)

- ☐ အထက်တွင် အမည်ပါ ကျောင်းသားကိုယ်စား
- ☐ ကျွန်ုပ်၏ကိုယ်စား (အသက်ပြည့်ပြီးကျောင်းသား ဖြစ်ပါက)

လုပ်ဆောင်ရန် အခွင့်အာဏာရှိပြီး အထက်တွင် အမည်ပါ ကျောင်းသားအတွက် **<u>အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုအားလုံး</u>**အတွက် သဘောတူခွင့်ပြုချက်အား ပြန်လည်ရုပ်သိမ်းသည်။

ဤသဘောတူခွင့်ပြုချက် ရုပ်သိမ်းချက် စတင်အကျုံးဝင်မည့်ရက်- __________________________

(ရက်စွဲ)

ကျွန်ုပ်သည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအားလုံးအတွက် သဘောတူခွင့်ပြုချက်ကို ရုပ်သိမ်းလျှင် ကျောင်းခရိုင်သည် **<u>ဝန်ဆောင်မှုများ အဆုံးသတ်ကြောင်း စာဖြင့်ရေးသား ကြိုတင်အသိပေးစာ ကျွန်ုပ်ထံပေးပြီးနောက်</u>** အထက်တွင် အမည်ပါ ကျောင်းသားအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုအားလုံးကို ရပ်တန့်ရမည်ဖြစ်ကြောင်း နားလည်ပါသည်။ ပြန်လည်ရုပ်သိမ်းမှုသည် မရုပ်သိမ်းမီ ဖြစ်စဉ်များအတွက် အကျုံးဝင်မည် မဟုတ်ဘဲ သဘောတူညီချက် ပေးပြီးနောက်နှင့် ပြန်မရုပ်သိမ်းမီကြား ဖြစ်ပွားခဲ့သည့် ဆောင်ရွက်မှုကို ပျက်ပြယ်စေမည် မဟုတ်ကြောင်းလည်း နားလည်ပါသည်။

ကျောင်းခရိုင်သည် ကျွန်ုပ်၏ သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းမှုအား ကြားဝင်ဖြန်ဖြေမှု သို့မဟုတ် တရား မျှတသည့် ရပိုင်ခွင့်နှင့်အညီ ကြားနာမှုတို့ဖြင့် စိန်ခေါ်မှု မပြုနိုင်ကြောင်းလည်း နားလည်ပါသည်။

ကျွန်ုပ်တွင် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးအတွက် သဘောတူခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိကြောင်းနှင့် ထိုသို့ပြန်လည်ရုပ်သိမ်းလျှင် ကျောင်းခရိုင်သည် IEP အစည်းအဝေးတစ်ခု ခေါ်ဆိုရန်၊ IEP ရေးဆွဲရန် သို့မဟုတ် အထက်တွင် အမည်ပါ ကျောင်းသားကို အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ပံ့ပိုးရန် ဥပဒေအရ လိုအပ်တော့မည် မဟုတ်ကြောင်းလည်း နားလည်ပါသည်။

ကျွန်ုပ်သည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးအတွက် သဘောတူခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းပါက မိဘများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အရံအတားများကို ဆက်လက်ကျင့်သုံးနိုင်မည် မဟုတ်ကြောင်းနှင့် အထက်တွင် အမည်ပါ ကျောင်းသားသည်လည်း ဖက်ဒရယ်နှင့် ပြည်နယ် အထူးပညာရေး ဥပဒေများနှင့် နည်းဥပဒေများအရ ချမှတ်ထားသည့် (စည်းကြပ်အပြစ်ပေးမှုများအတွက် အကာအကွယ်များ အပါအဝင်) လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များတွင် ဆက်လက်အကျုံးဝင်မည် မဟုတ်ကြောင်း ဆက်လက်၍ နားလည်ပါသည်။

ကျွန်ုပ်သည် သဘောတူညီချက် ပြန်လည်ရုပ်သိမ်းခြင်းကြောင့် ကျောင်းခရိုင်သည် အထက်တွင် အမည်ပါ ကျောင်းသား အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခဲ့ကြောင်း ညွှန်းဆိုကိုးကားမှုများကို ဖယ်ရှား ရန်အတွက် ထိုကျောင်းသား၏ ပညာရေး မှတ်တမ်းများကို ပြင်ဆင်ရန် မလိုအပ်ကြောင်း နားလည်ပါသည်။

ကျွန်ုပ်သည် အထက်တွင် အမည်ပါ ကျောင်းသားကို အထူးပညာရေးတွင် ပြန်လည်အပ်နှံနိုင်ရန်အတွက် အဆိုပါ ကျောင်းသားသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများတွင် အကျုံးဝင်ခြင်းရှိမရှိ ဆုံးဖြတ်ပေးမည့် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် ကနဦး အကဲဖြတ်မှုတစ်ခုကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း နားလည်ပါသည်။

_____________________________________________

(လက်မှတ်)